# ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) ဤဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ရွေးချယ်တင်မြှောက်ပွဲများကျင်းပသည့်နေ့ရက်၌ အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်သော နိုင်ငံသားတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၃။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၆ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၁၆။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက် အောက်ပါတစ်ရပ်ရပ်နှင့်ငြိစွန်းလျှင်သော်လည်းကောင်း၊ အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်လျှင်သော်လည်းကောင်း ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ—

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊

(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ကြေငြာသော နိုင်ငံရေးပြစ်မှုဖြင့် ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဃ) နိုင်ငံသားအဖြစ်မှ ရပ်စဲသွားခြင်း၊

(င) ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင် တစ်ဦးသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ ပြင်ပသို့သော်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီဝင်တစ်ဦးသည် သက်ဆိုင်ရာ မြို့နယ်၏ ပြင်ပသို့သော်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင် တစ်ဦးသည် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း၏ ပြင်ပသို့သော်လည်းကောင်း တာဝန်အရဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့် ဖြစ်စေ အမြဲတမ်းပြောင်းရွှေ့သွားခြင်း၊

**ခြွင်းချက်။** ။ဝန်ကြီးအဖွဲ့က တင်ပြပြီး နိုင်ငံတော်ကောင်စီက ခြွင်းချက်ပေးသင့်သည်ဟု ဆုံးဖြတ်သည့် ဒေသများတွင် နေထိုင်ကြသည့် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များအား ယင်းပြဋ္ဌာန်းချက်မှ ကင်းလွတ်စေရမည်။

(စ) လွှတ်တော် ကိုယ်စားလှယ်များမှ အပ ကျန်ပြည်သူ့ကိုယ်စားလှယ်များသည် သဘာပတိအဖွဲ့၏ ခွင့်ပြုချက်မရပဲ မိမိအား ရွေးချယ်တင်မြှောက်လိုက်သော မဲဆန္ဒနယ်နှင့် တဆက်တည်းခြောက်လထက် ကျော်လွန် ကင်းကွာခြင်း၊

(ဆ) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ခဲ့သော ဝန်ခံကြေငြာချက်ကို လိမ်လည်တင်သွင်းသဖြင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဇ) ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများကိုကျူးလွန်၍ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဈ) မိမိအား ရွေး ချယ် တင် မြှောက် လိုက် သော မဲဆန္ဒနယ်ကို ပယ်ဖျက်လိုက်ခြင်း။

၄။ အောက်ပါပုဒ်မခွဲကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) အဖြစ် ဖြည့်စွက်ရမည်—

(ဃ) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းထားခြင်းမရှိသည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးကဖြစ်စေ၊ ပြည်သူ့ကိုယ်စားလှယ်လောင်းတစ်ဦးကဖြစ်စေ မိမိအမည်ပါဝင်နေသော မဲဆန္ဒနယ်တစ်နယ်၏မဲစာရင်းမှ အခြားမဲဆန္ဒနယ်၏ မဲစာရင်းသို့ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အမည်ရွှေ့ပြောင်းလိုကြောင်း တင်ပြခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်ကိုလည်းကောင်း ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၅။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက အမည်ထည့်သွင်းပေးခြင်းမရှိခဲ့လျှင် နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံခွင့် ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) ထပ်မံကျင်းပသော ရွေးချယ်တင်မြှောက်ပွဲများတွင် ပထမအကြိမ် ရွေးချယ်တင်မြှောက်ပွဲကျင်းပချိန်၌ အတည်ပြုပြီးသော မဲစာရင်းနှင့်ထပ်မံရွေးချယ်တင်မြှောက်ပွဲကျင်းပသည့်နေ့၌ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်၍ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပါဝင်သည့် နောက်ဆက်တွဲမဲစာရင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်ရမည်။